# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 18, 2019 — Volume 18, Number 10


**၁၈.၄.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၃၇၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃ ကျပ် |
| CBM Rate | = ၁၅၂၀.၀/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၀.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၃.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၄၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## အိုင်ဗရီကို့စ်က မြန်မာဆန်တန် ၁၈၀၀၀ ကို စားသုံးရန်မသင့်ဟုဆိုကာဖျက်ဆီး



အနောက်အာဖရိကမှ အိုင်ဗရီကို့စ်နိုင်ငံရှိ ကျန်းမာ ရေးတာဝန်ရှိသူများသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၈၀၀၀ အား စားသုံးရန်မသင့်ဟု သတ်မှတ်ကြေညာခဲ့ပြီး ဖျက်ဆီးခဲ့ကြောင်း BBC Africa Live စာမျက်နှာက ဖော်ပြခဲ့သည်ဟု africanews.com က ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံမှဟုဆိုသော ယင်းဆန်များအား တာဝန်ရှိသူများက ကုန်တင်ကားတစ်စီးနှင့်တင်ဆောင်ပြီး စွန့်ပစ်ပစ္စည်းစုပုံသည့်နေရာတွင် ဖျက်ဆီးခဲ့ကြောင်း ဓာတ်ပုံများက ဖော်ပြခဲ့သည်ဟု ထိုသတင်းကရေးသားခဲ့သည်။ ထိုဆန်အိတ်များကို အနောက်အာဖရိကရှိ နိုင်ငံများက တင်ချခွင့်မပေးခဲ့ကြောင်းလည်း ယင်းသတင်းက ဖော်ပြခဲ့သည်။

ဂါနာ၊ ဂီနီအာနှင့် တိုဂိုနိုင်ငံတို့က ထိုဆန်များအား အရည်အသွေးနှင့်ပတ်သက်ပြီး လက်မခံနိုင်ဟုဆိုကာ ပယ်ချခဲ့ကြောင်း ထိုသတင်းတွင် ပါရှိခဲ့သည်။ နောက်ဆုံးတွင် ထိုဆန်အိတ်များသည် အိုင်ဗရီကို့စ်မြို့တော် အာဘစ်ဂျန်ဆိပ်ကမ်းတွင် တင်ချခွင့်ရခဲ့ပြီးနောက် အရည်အသွေးထိန်းချုပ်စစ်ဆေးချက်များအရ လူများစားသုံးရန်မသင့်ဟု တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဖော်ပြခဲ့သည်။ အာရှတိုက်မှလာသော Ocaen Princess သင်္ဘောက ထိုဆန်အိတ်များကို အာဘစ်ဂျန်ဆိပ်ကမ်းတွင် မတ်လ ၁၁-၁၉ အတွင်း တင်ချခဲ့သည်ဟု အိုက်ဗရီကို့စ် အစိုးရကပြောကြားသည်။ ဆန်သည် အာဖရိကနိုင်ငံအများစုအတွက် အရေးကြီးသော စားသောက်ကုန်ဖြစ်လာနေပြီး လိုအပ်ချက်မြင့်တက်လာနေမှုကို ဒေသခံလယ်သမားများက မဖြည့်ဆည်းနိုင်သောကြောင့် ပြည်ပတင်သွင်းမှုကို မှီခိုနေကြရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လဆန်းအထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၂ သန်းကျော် တင်ပို့ထားသည်။ ဆန်တင်ပို့ရာတွင် နိုင်ငံပေါင်း ၅၀

အထိတင်ပို့ထားပြီး ဆန်ကွဲတင်ပို့မှုတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံသို့ တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှသိရသည်။ မြန်မာနိုင်ငံမှဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ လက်ရှိတွင်လည်း အီးယူနှင့်တရုတ်နိုင်ငံတို့က မြန်မာနိုင်ငံမှ ဆန်ဝယ်ယူခြင်းမရှိဆိုသည့်သတင်းများကြောင့် အာဖရိကနှင့် အီးယူနိုင်ငံများက မြန်မာ့ဆန်ကို နိုင်ငံတကာဈေးနှုန်းထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀ အထိ ဈေးနှိမ်ဝယ်ယူနေကြောင်း ဧပြီ ၁ ရက်က ရန်ကုန်မြို့ဝါးတန်းကုန်စည်ဒိုင်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားမှသိရသည်။

**Source:** https://news-eleven.com/article/100236

## အော်ဂဲနစ်လက်ဖက်ခြောက်တစ်တန်ခွဲ ဂျာမနီနိုင်ငံသို့တင်ပို့မည်

အော်ဂဲနစ်လက်ဖက်ခြောက် တစ်တန်ခွဲကို လာမည့်စက်တင်ဘာလအတွင်း ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ပင်းတယလက်ဖက်အစုအဖွဲ့ဥက္ကဋ္ဌဦးလှဘော်ကပြောသည်။

"လက်ဖက်ခြောက် နမူနာကို ၂၀၁၆ ကတည်းက ဂျာမနီကို ပို့ပေးခဲ့တာပါ။ ဒါပေမဲ့ သူတို့ဆီမှာ ဓာတ်ခွဲစမ်းသပ်တော့ လက်ဖက်ခြောက်က မီးခိုးနံ့ နည်းနည်း နံနေတယ်ပြောတယ်။ အဲဒါနဲ့ ကျွန်တော်တို့လည်း လိုအပ်တာတွေကို ပြန်လည်ပြင်ဆင်ပြီး ထပ်ပို့တော့ အဆင်ပြေသွားပါတယ်။ ပြီးခဲ့တဲ့နှစ်က တစ်တန် တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ၎င်းကဆိုသည်။

ပင်းတယလက်ဖက်အစုအဖွဲ့ဝင်များ စုပေါင်းကာလက်ဖက်ခြောက်ကို တင်ပို့ရောင်းချကြမည်ဖြစ်ပြီး လက်ဖက်အမျိုးအစားမှာ ရွှေဖီဦးနှင့်မိုးဖြစ်ကြောင်း ၎င်းကပြောသည်။ မတ်လနှင့် ဧပြီလတွင် ခူးဆွတ်သည့် လက်ဖက်များကို ရွှေဖီဦး၊ မေလနှင့် ဇွန်လတွင် ခူးဆွတ်သည့်လက်ဖက်များကို ခါးကန်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း ခူးဆွတ်သည့် လက်ဖက်များကို မိုးနှင့် နိုဝင်ဘာလနှင့်ဒီဇင်ဘာလတွင် ခူးဆွတ်သည့်လက်ဖက်များကို နှင်းသစ်ဟု အမျိုးအစား ခွဲခြားသတ်မှတ်ထားသည်။

လက်ဖက်ခင်းများကို မြေသြဇာထည့်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ပြုလုပ်ဘဲ သဘာဝအတိုင်းသာ စိုက်ပျိုးထားပြီး တစ်နှစ်လျှင် တစ်ဧကလျှင် လက်ဖက်အစိမ်း ပိဿာချိန် ၃၀၀ ခန့်ထွက်ရှိသည်။ ပလောင်လက်ဖက်အသင်းကလည်း တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့ရောင်းချရန် ပြင်ဆင်နေကြောင်း အသင်းအတွင်းရေးမှူး ဦးသိန်းထွေးက ပြောသည်။ တရုတ်ပြည်နယ် ပီကင်းက လက်ဖက်ခြောက်ဝယ်ယူဖို့ လာကမ်းလှမ်းထားတာရှိကြောင်း၊ လက်ဖက်ခြောက် နမူနာများပို့ပေးထားကြောင်းလည်းပြောသည်။ လက်ဖက်ခြောက် တစ်ပိဿာလျှင် ကျပ်တစ်သောင်းခွဲမှ ကျပ်နှစ်သောင်းခွဲအတွင်း ရရှိနိုင်ရန်မျှော်မှန်းထားပြီးသကြင်္ န်ကာလအပြီးတွင် အရောင်း အဝယ်ကိစ္စများ အသေးစိတ်ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ လက်ရှိတွင် လက်ဖက်ခြံများ၌ လုပ်သားရှားပါးသည့်ကိစ္စနှင့် ကြုံတွေ့နေရကြောင်း ဦးသိန်းထွေးကဆိုသည်။

လက်ဖက်ခူးဆွတ်သည့် လုပ်သားများအတွက် လုပ်အားခကို သတ်မှတ်ထားခြင်းမရှိဘဲ ခူးဆွတ်၍ ရရှိသည့် လက်ဖက်များကို ခြံပိုင်ရှင်နှင့် လုပ်သားတစ်ယောက်တစ်ဝက်စီ ရယူကြခြင်းဖြစ်သည်။ လုပ်သား တစ်ဦးလျှင် တစ်ရက် ခြောက်ပိဿာခန့်သာခူးဆွတ်နိုင်ကြောင်း၊ မပြုပြင်ရသေးသည့် လက်ဖက်ရွက် ဈေးနှုန်းမှာ အနည်းဆုံး ကျပ် ၆၀၀ မှ အများဆုံး ကျပ် ၁,၂၀၀ သာရှိသဖြင့် လက်ဖက်ခူးတောင်သူများ၏ တစ်ရက်ဝင်ငွေမှာ ကျပ် ၁,၈၀၀ မှ ကျပ် ၃,၆၀၀ အတွင်းသာရှိကြောင်း၊မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက နှစ်သိန်းကျော်ရှိပြီးလုပ်သားလိုအပ်ချက်မှာ တစ်ဧကလျှင် လူဦးရေ ၃၀၀ခန့် လိုအပ်ကြောင်း ပလောင် လက်ဖက်အသင်း စာရင်းများတွင်ဖော်ပြထားသည်။

**Source:**https://myanmar.mmtimes.com/news/122241.html

## ရာသီဥတု အပြောင်းအလဲကြောင့် ပျားရည်အထွက်နှုန်းလျော့ကျ



ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုအပြောင်းအလဲများကြောင့် မြန်မာတစ်နိုင်ငံ လုံးရှိ ပျားမွေးမြူရေးလုပ်ငန်းများတွင် ပျားရည်အထွက်နှုန်း လျော့ကျနေကြောင်း မြန်မာနိုင်ငံ ပျားလုပ်ငန်းအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသက်ဇင်အောင်ကပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံ အနှံ့အပြားတွင် အချိန်အခါမဟုတ်မိုးရွာခြင်း၊ မိုးသီးကြွေခြင်း၊လေပြင်းများ တိုက်ခတ်ခြင်းတို့ကြောင့် ပျားမွေးမြူရေး လုပ်ငန်းများ ထိခိုက်မှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပျားရည်အထွက်နှုန်းလျော့ကျလာခြင်းဖြစ်ကြောင်း သိရသည်။

" အခု အခြေအနေက မြန်မာတစ်နိုင်ငံလုံးမှာ ပျားရည်အထွက်နှုန်းလျော့ကျနေတယ်။ ရာသီဥတု အပြောင်းအ လဲမှာ တော်တော်လေး ထိခိုက်ခဲ့တယ်။ ပျားရည်အထွက်နှုန်း တိုးဖို့ကတော့ ဒီရက်ပိုင်း မဖြစ်နိုင်သေးဘူး " ဟု ဦးသက်ဇင်အောင်က ပြောသည်။ မြန်မာနိုင်ငံ၌ ပျားရည်အများဆုံး ထွက်ရှိရာဒေသဖြစ်သည့် စစ်ကိုင်းတိုင်း အတွင်းရှိ ဘုတလင်၊ မုံရွာ၊ ကနီမြို့တို့ရှိ ပျားမွေးမြူရေးလုပ်ငန်းများမှာလည်း လေပြင်းတိုက်ခြင်း၊ မိုးသီးမုန်ခြင်း တို့ကြောင့် ယခုရက်ပိုင်းအတွင်း ပျားရည်ထွက်ရှိခြင်းမရှိသေးကြောင်းသိရသည်။

**Source: http://wwhttp://www.amiamyanmar.com/detail.aspx?id=6961**

## မြန်မာနိုင်ငံမှာ လုပ်ငန်းချဲ့ထွင်ဖို့အတွက် IFC ဆီကနေ ချေးငွေ ဒေါ်လာ ၃ သန်း ရရှိကြောင်း SLCM ထုတ်ပြန်

မြန်မာနိုင်ငံမှာ လုပ်ငန်းတွေချဲ့ထွင်ဖို့အတွက် နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း IFC ဆီကနေ ချေးငွေ ဒေါ်လာ ၃ သန်း ရရှိခဲ့ကြောင်း၊ အိန္ဒိယစိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုနဲ့ ကုန်သိုလှောင်မှုကုမ္ပဏီ SLCM Ltd က ပြောကြားပါတယ်။ SLCM Ltd ကတော့ ဒေလီအခြေစိုက် စိုက်ပျိုးရေး- ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းအုပ်စု Sohan Lal Commodity Management ရဲ့ လုပ်ငန်းခွဲဖြစ်ပါတယ်။ ယခု ချေးငွေနဲ့အတူ မြန်မာနိုင်ငံရှိ ယင်းရဲ့ warehousing ဝန်ဆောင်မှုတွေနဲ့ ဆက်စပ်ဝန်ဆောင်မှုတွေကို ချဲ့ထွင်သွားမယ်လို့ ယင်းကုမ္ပဏီက အဆင့်မြင့် အရာရှိကြီးတစ်ဦးကပြောပါတယ်။ ယင်းတိုးချဲ့မှုတွေကြောင့် ကျေးလက်ဒေသနေ ပြည်သူတွေရဲ့ဘဝတွေကို ပိုမိုတိုးတက်စေမယ်လို့ ၎င်းကဆိုပါတယ်။

မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်က စတင်ဝင်ရောက်ထားခဲ့တဲ့ SLCM Group ကတော့ လက်ရှိအချိန်ထိ စက်မှုဇုန် ၁၂၇ ခုမှာ လှောင်ကုန်ပစ္စည်း သိုလှောင်မှု နေရာ စတုရန်းပေ ၃ ဒသမ ၂၄ သန်း ကို စီမံခန့်ခွဲနေပြီး စုစုပေါင်း တန်ချိန်ပမာဏ ၁၀ ဒသမ ၁၄ သန်း ရှိ လှောင်ကုန်ပစ္စည်းပေါင်း ၅၂၁ ခုကို ကိုင်တွယ်နေတယ်လို့ သိရပါတယ်။ ငါးနှစ်အတွင်း ဒီနိုင်ငံမှာ စိုက်ပျိုးသီးနှံရိတ်သိမ်းပြီးကာလ ဆုံးရှုံးမှုတွေကို ဂ ဒသမ ၅ ရာခိုင်နှုန်း လောက် ကျွန်တော်တို့လျှော့ချပေးနိုင်ခဲ့ပါတယ်၊ ဒီက လုပ်ငန်းတွေချဲ့ထွင်ဖို့ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှု တွေကို အသုံးချသွားဖို့ရည်မှန်းထားပါတယ်လို့ SLCM ရဲ့ Group CEO Sandeep Sabharwal က ပြောသွားပါတယ်။

**Source:**https://www.asianage.com/.../slcm-gets-3-million-loan-from-if...

## လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယမှ ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်း၊ မတ်ပဲတန်ချိန် ၁ ဒသမ ၅ သိန်းနှဲ့ ပဲစင်းငုံတန်ချိန် ၂ သိန်းတင်သွင်းဖို့ရှိနေ

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်၊ တင်ပို့သည့်နိုင်ငံဖြစ်ပြီး ပဲအများဆုံး စားသုံးသည့် နိုင်ငံလည်းဖြစ်သည့်အတွက် ပြည်ပမှတင်သွင်းရန်လိုအပ်ချက်လည်းရှိနေသေးရာ လက်ရှိကာလအထိ ပြည်ပမှပဲအမျိုးအစားအချို့ကို တင်သွင်းနေပြီး ကမ္ဘာ့ပဲအများဆုံးတင်သွင်းသည့် နိုင်ငံအဖြစ်ဆက်လက် ရပ်တည်လျက်ရှိပါသည်။

သို့ရာတွင် ၂၀၁၇-၁၈ သီးနှံရာသီမှစ၍ ပြည်တွင်းထုတ်လုပ်မှုမြင့်မားလာပြီးနောက် အိန္ဒိယအစိုးရသည် ဈေးနှုန်းကို

သာမက လိုအပ်သည့်ပမာဏအား ထိန်းညှိတင်သွင်းနိုင်သည့် အနေအထားမျိုးဖြစ်ပေါ်စေရန် ယခင်ကလွတ်လပ်စွာ တင်သွင်းခွင့်ပြုထားသည့် ပဲအမျိုးအစားများဖြစ်သည့် ပဲစင်းငုံ (Tur/ Pigeon Peas ၊ မတ်ပဲ Urad/Matpe ၊ ပဲတီစိမ်း (Green Mung/ Moong) နှင့် ပဲလုံး (Peas) သည် ပဲအမျိုးအစား လေးမျိုးအား ကန့်သတ် ကုန်စည်ခေါင်းစဉ်အောက်သို့ အသီးသီး ပြောင်းလဲထည့်သွင်းခဲ့ပါသည်။ မတ်လ ၂၉ ရက်တွင် အိန္ဒိယအစိုးရသည်လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ယင်းပဲအမျိုးအစားလေးမျိုးအား တင်သွင်းခွင့်ပြုမည့်ပမာဏကို အစိုးရပြန်တမ်းအမှတ် No 1314/REGD. No.DL-33004/99 ဖြင့် ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။ အိန္ဒိယအစိုးရသည် ကန့်သတ် ကုန်စည်ပဲအမျိုးအစား တစ်ခုချင်းစီအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွင်းတင်သွင်းခွင့်ပြုမည့် ကန့်သတ် ပမာဏများအား အထက်ဖော်ပြပါ ပြန်တမ်း အောက်တွင် Statutory Order (S.O) တစ်ခုချင်းစီဖြင့် သီးသန့်စီခွဲ၍ သတ်မှတ်ထုတ်ပြန်ပေးခဲ့ပါသည်။ သို့ဖြစ်၍ အိန္ဒိယအစိုးရက လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တစ်နှစ်စာ ခွဲတမ်းအဖြစ် တင်သွင်းခွင့်ပြုမည့် ကန့်သတ်ကုန်စည်ပဲအမျိုးအစားများ၏ ပမာဏများမှာ S.O 1478 (E) ဖြင့် ပဲတီစိမ်း (Moong) တန်ချိန် ၁ ဒသမ ၅ သိန်းခန့်ကိုလည်းကောင်း၊ S.O.1480 (E) ဖြင့် မတ်ပဲ (Urad) တန် ချိန် ၁ ဒသမ ၅ သိန်းခန့်ကိုလည်းကောင်း၊ S.O.1481(E) ဖြင့် ပဲစင်းငုံ တန်ချိန်နှစ် သိန်းခန့်တို့ကို အသီးသီးသတ်မှတ်ခွင့် ပြု ထားပါသည်။ အိန္ဒိယအစိုးရက သတ်မှတ်ထားသည့် ကန့်သတ်ကုန်စည် ပဲအမျိုးအစားလေးခုအနက် အထက် ဖော်ပြပါ ပဲအမျိုးအစားသုံးခုမှာဘဏ္ဍာ နှစ်အလိုက်သတ်မှတ်ခွင့်ပြုထားခြင်းဖြစ်သော်လည်း ယခင်နှစ်ကမူ လုပ်ထုံးလုပ်နည်းများ (Procedures)ထုတ်ပြန်ချိန်တွင် မေလကုန်မှ ဩဂုတ်လကုန် အတွင်းအပြီးတင်သွင်းရန် သတ်မှတ်ချက် ထည့်သွင်းဖော်ပြခဲ့ပါသည်။

သို့ဖြစ်၍ ယခုနှစ်တွင်လည်း ပဲတင်သွင်းခွင့် ကာလကန့်သတ်ချက် ထပ်မံထည့် သွင်းခြင်းရှိ/မရှိကို စောင့်ကြည့်ရမည်ဖြစ်ကာ ယင်းနှင့်စပ်လျဉ်း၍ သီးခြားဖော်ပြထားခြင်းမရှိပါက ဘဏ္ဍာနှစ်အလိုက်ခွင့်ပြုသည့် ခွဲတမ်းပမာဏဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး တင်သွင်းနိုင်မည်ဟု မှတ်ယူနိုင်မည်ဖြစ်ပါသည်။ ကျန်အမျိုးအစား တစ်ခုဖြစ်သည့် ပဲလုံး (Peas) တင်သွင်းခွင့်ကန့် သတ်မှတ်ချက်အနေဖြင့် ယခင်က သုံးလတစ်ကြိမ်သာ ထုတ်ပြန်ခဲ့ သော်လည်း ယခုတစ်ကြိမ်တွင်မူ ကန့်သတ်ကာလအား ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၀ ခုနှစ် မတ် ၃၁ ရက်အထိ သတ်မှတ်ခဲ့ပြီး ယင်း ကာလအတွင်း တင်သွင်းခွင့်ပြုသည့် ခွဲတမ်းပမာဏအဖြစ် တန်ချိန် ၁ ဒသမ ၅ သိန်းခန့်သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။ ယခုထုတ်ပြန်သည့်ပြန်တမ်းပါ ကြေညာချက်များအရ လာမည့်ဘဏ္ဍာနှစ်တွင် ကန့်သတ်ပဲအမျိုးအစားများအတွက် တင်သွင်းခွင့်ပမာဏကိုသာ ဖော်ပြထားသော်လည်း ယင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအားDGFTက ထုတ်ပြန်ကြေညာမည်ဟု ဖော်ပြထားပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံမှထွက်ရှိသည့် မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံအမျိုးအစားများအား အိန္ဒိယသို့ ဘဏ္ဍာနှစ် စသည်နှင့် တင်သွင်းနိုင်ရေးအတွက် အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာပေးနိုင်မည့် အချိန်/အခြေအနေများ အား အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းခဲ့ရာ ယင်းလုပ်ထုံးလုပ်နည်း များအားမကြာမီရက်များအတွင်း DGFTက ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2360205954066683?__tn__=K-R

## စီးပွားရေးတိုးတက်မှုကြောင့် ဖိလစ်ပိုင်မှာဆင်းရဲနွမ်းပါးမှုနှုန်း သိသိသာသာလျော့ကျ

အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်မှာစီးပွားရေး တိုးတက်မှုအားကောင်းလာတာနဲ့အမျှ ယင်းနိုင်ငံမှာ ဆင်းရဲနွမ်းပါးသူအလွှာ လူတန်းစားဦးရေဟာလည်း လျော့ကျလာနေတယ်လို့သိရပါတယ်။ ယမန်နှစ် ၂၀၁၈ ပထမနှစ်ဝက်မှာတော့ ယင်းနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုလိုင်းအောက်မှာ နေထိုင်နေကြရတဲ့ ဖိလစ်ပိုင်ပြည်သူ အရေအတွက်ဟာ စုစုပေါင်း လူဦးရေရဲ့ ၂၁ ရာခိုင်နှုန်းနီးပါးရှိခဲ့တယ်လို့ဆိုပါတယ်။

ဒါဟာ ၂၀၁၅ ခုနှစ် အလားတူကာလက ၂၇ ဒသမ ၆ ရာခိုင်နှုန်းနဲ့ယှဉ်ရင် သိသိသာသာလျော့ကျသွားတာ ဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းရုံးက ထုတ်ပြန်သွားပါတယ်။ ယင်းနိုင်ငံမှာ ယမန်နှစ်ငွေကြေးဖောင်းပွမှုက ဆယ်စုနှစ်တစ်စုနီးပါးအတွင်း အမြန်ဆန်ဆုံးနှုန်းနဲ့ ရှိနေခဲ့တာတောင်မှ ဆင်းရဲနွမ်းပါးမှုက လျော့ကျလာတာ ဖြစ်ပါတယ်။ ဖိလစ်ပိုင်စီးပွားရေးကတော့ ယင်းအာဆီယံဒေသတွင်းမှာ စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆန်ဆုံးသော နိုင်ငံ တစ်နိုင်ငံလည်းဖြစ်ပါတယ်။

**Source:**https://www.bnnbloomberg.ca/economic-boom-lifts-

## မြန်မာ့ဆန်ကိစ္စကို စုံစမ်းဖော်ထုတ်ပြီး သတင်းထုတ်ပြန်ပေးမည်ဟုဆို

အိုင်ဗရီကို့စ်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် မြန်မာ့ဆန်ကိစ္စကိုစုံစမ်းဖော်ထုတ်ပြီး အချက်အလက်ပြည့်စုံစွာ သတင်းထုတ်ပြန်သွားမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ စားသုံးရန်မသင့်တော်ဟု ကြေညာထားသည့် မြန်မာ့မျိုးရင်း ဆန်တန်ချိန် ၁၈၀၀၀ ကို အိုင်ဗရီကို့စ်နိုင်ငံမှ ကျန်းမာရေးတာဝန်ရှိသူများက ယခုလ ၁၇ ရက်နေ့က ဖျက်ဆီးလိုက်သည်ဟု Africannews.com တွင် ဖော်ပြထားမှုအပေါ် ဦးရဲမင်းအောင်က ယခုလိုပြောကြားခြင်းဖြစ်သည်။

အာဖရိကဈေးကွက်သည် ယှဉ်ပြိုင်မှုအလွန်ပြင်းထန်ပြီး ပါကစ္စတန်၊ အိန္ဒိယနိုင်ငံတို့မှ ဆန်တင်သွင်းသည့်ကုမ္ပဏီများနှင့် မြန်မာ၊ ဗီယက်နမ်စသောနိုင်ငံများမှ တင်သွင်းသူများအကြား ပြင်းထန်စွာယှဉ်ပြိုင်လေ့ရှိသည်။

မူရင်းသတင်းတင်ပြသည့် BBC သတင်းထောက်နှင့် ထပ်ဆင့် တင်ပြသည့် African News Agency တို့ကိုဆက်သွယ်ထားကြောင်း၊ အဆိုပါသင်္ဘောအတွက် ဆန်ရောင်းပေးသည့် ပြည်တွင်း ကုမ္ပဏီများကိုလည်းစုံစမ်းလျက်ရှိသည်ဟု ဦးရဲမင်းအောင်က ပြောသည်။ မြန်မာနိုင်ငံမှ ဆန်တင်ပို့ရောင်းချသူများသည် FOB Yangon စနစ်ဖြင့် ရန်ကုန်ဆိပ်ကမ်းပေါ် သင်္ဘောပေါ်အရောက် အရောင်းအဝယ်ပြုလုပ်ကြသည်။ ဆန်ဝယ်ယူ သည့် Buyer များသင်္ဘောမှ အချိန်မှန်စွာကုန်မချနိုင်ပါက ကြာမြင့်စွာသိုလှောင်မှု (Long Storage) သည်ဖြစ်ပေါ်ပြီး အရည်အသွေးထိခိုက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကိစ္စတွင်လည်း ယေဘုယျအားဖြင့် အာဖရိက နိုင်ငံ (၄) နိုင်ငံ အထိကုန်မချနိုင်ဘဲ လှည့်ပတ်နေရသည့် အတွက် ကြာမြင့်စွာသိုလှောင်မှု Long Storage ပြဿနာပင် ဖြစ်နိုင်ကြောင်း၊ ဆန်ဝယ်သည့် Buyer အနေဖြင့် အဆိုပါကိစ္စတွင် အဓိကတာဝန်ရှိသည်ဟု ယေဘုယျအားဖြင့် ယူဆနိုင်သည်ဟုရှင်းကဆိုသည်။

ဆန်ဝယ်သူ (Buyer) များသည် အဓိက ဝယ်ယူစားသုံးသူ (End Buyer Consumer) များမဟုတ်ဘဲ ကြားခံကုန်သည်များသာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ ဈေးကွက်တစ်ခုအတွက် ဝယ်ယူသွားပြီး ကုန်ချလျှင် ယခုလို ပြဿနာမျိုးကိုရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း ဦးရဲမင်းအောင်က ဆက်ပြောသည်။ MRF အနေဖြင့် မြန်မာ့ဆန် အရည်အသွေးစံချိန်စံညွှန်းကိစ္စကို နိုင်ငံတကာအဆင့်မီစေရန် ကြိုးပမ်းဆောင်ရွက်နေပြီး ပြည်ပတင်ပို့သူ (Exporter) များနှင့်သင်္ဘောမတင်မီနှင့် တင်စဉ်အတွင်း စစ်ဆေးရသည့် Third Party Inspection Agency များ အနေဖြင့်လည်းအရည်အသွေးပိုင်းတွင် ထိရောက်စွာနှင့် တိကျစွာ စီမံဆောင်ရွက်သွားရန် နည်းလမ်းများရှာဖွေလုပ်ကိုင်သွားမည်ဖြစ်သည်။ ကြားခံကုန်သည်များကို ရောင်းချ မှုကြောင့် ယခုလိုပြဿနာများ ပေါ်ပေါက်ရသဖြင့် End Buyer များအထိ ချိတ်ဆက်ရောင်းချနိုင်သည့် အစီအစဉ်များနှင့် G to G ရောင်းချမှုအစီအစဉ်များကိုလည်းစီစဉ်ရန်လိုအပ်သည်ဟုဆိုသည်။ ဆန်ပို့ကုန်သမားများနှင့် ဆန်စက်ပိုင်ရှင်များအနေဖြင့်လည်း အရည်အသွေးပိုင်းဆိုင်ရာစီမံဆောင်ရွက်မှုကို ပို၍ဦးစားပေးလုပ်ကိုင်သွားရန်လိုအပ်ပြီး ယခုဖြစ်ပေါ်မှုသည် မြန်မာ့ဆန်ပြည်ပတင်ပို့မှုဈေးကွက်အတွက် သက်ရောက်မှုကြီးမားခြင်းကြောင့် အချက်အလက်ပြည့်စုံစွာ ဖြေရှင်းထုတ်ပြန်သွားမည်ဟုဦးရဲမင်းအောင်က ပြောသည်။

**Source:**http://www.etrademyanmar.com.mm/NewsDetails.aspx?News=20222

## မြန်မာပိုင် Myanmar Sat-2 ကို လွှတ်တင်နိုင်ရန် စက်တင်ဘာလအတွင်း ဝန်ဆောင်မှုများ စတင်မည်

မြန်မာနိုင်ငံပိုင်ဂြိုလ်တု Myanmar Sat-2 ကို လွှတ်တင်နိုင်ရန် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ဝန်ဆောင်မှုများစတင်လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောဆိုလိုက်သည်။

အမေရိကန်နိုင်ငံ၏ Intel Sat ဂြိုလ်တုကို Myanmar Sat -2 အမည်ဖြင့် လွှတ်တင်၍ အချိုးကျဌားရမ်းပိုင်ဆိုင်ခွင့်ရရှိကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ဝန်ဆောင်မှုများကို စတင်ရရှိမည့် Myanmar Sat-2 အား ထိရောက်အကျိုးရှိစွာအသုံးပြုနိုင်ရေး ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံပိုင် အနိမ့်ပျံဂြိုဟ်တုလွှတ်တင်နိုင်ရေးကို ဆပ်ကော်မတီဖွဲ့စည်းထားပြီးဖြစ်လို့ ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ Space Agency ဖွဲ့စည်းဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး

ဦးသန့်စင်မောင်ကပြောသည်။ နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂)အစည်းအဝေးခန်းမတွင် ဧပြီ ၄ ရက် ကကျင်းပသည့် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယင်းကဲ့သို့ပြောဆိုခြင်းဖြစ်သည်။ Myanmar Sat - 2 ဂြိုဟ်တုတွင် မြန်မာနိုင်ငံအနေဖြင့် C-Band ၆ လုံးနှင့် Ku Band ၆ လုံးတို့ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဂြိုလ်တု ဆက်သွယ်ရေးစနစ်ကို Geostationary ပတ်လမ်း Indian Ocean Region (IOR) 60 Degree East တည်နေရာတွင်ရှိသည့် Intelsat V ဂြိုလ်တုကို အသုံးပြုပြီး အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းဆက်သွယ်ရေးနှင့် TV receiving တို့ အတွက် ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်ကစတင်အသုံးပြုခဲ့ပြီး ၁၉၉၀ ခုနှစ် ဇန်နဝါရီလကစ၍ နယ်စပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဂြိုလ်တုဆက်သွယ်ရေးစနစ်ကိုလည်း Geostationary ပတ်လမ်းတွင်ရှိသည့် AsiaSat-1 ကို အသုံးပြုပြီး ပြည်တွင်းတယ်လီဖုန်း ဆက်သွယ်ရေးနှင့် TV ထပ်ဆင့်လွှင့် စနစ်များကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဂြိုလ်တုဆက်သွယ်ရေးစနစ်ကို ၁၉၉၈ ခုနှစ်၊ ဖွန်လတွင် Geostationary ပတ်လမ်းတွင်ရှိသည့် ThaiCom 3 သို့ ပြောင်းလဲပြီးအသုံးပြုခဲ့ကာ ဂြိုလ်တုအသုံးပြုမှုတွင် Transponder သည်လည်း တိုးပွားများပြားပြီး ဆက်သွယ်ရေးစနစ်တွင် တိုးတက်အသုံးပြုလာသကဲ့သို့ Broadcasting ကဏ္ဍတွင်လည်း တိုးပွားများပြားလာကာ မြန်မာနိုင်ငံရှိဘဏ်လုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများစသည့်ကဏ္ဍများစွာတွင်လည်း အသုံးပြုမှုများလာကြောင်းသိရသည်။

**Source:**http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020192

## ပညာရေး အသက်အာမခံ ယခုလမှစတင်ဝယ်ယူနိုင်

ပညာရေးအသက်အာမခံကို အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ အာမခံ ထားရှိနိုင်ပြီး မြန်မာ့အာမခံလုပ်ငန်း အပါအဝင် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခု၊ စုစုပေါင်း အာမခံလုပ်ငန်း ၁၂ ခုတွင် ဧပြီလမှ စတင်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအာမခံအသင်းမှ သိရှိရသည်။ ပညာရေးရပ်ဆိုင်းမသွားစေဘဲ ဘွဲ့ရသည်အထိ အကာအကွယ်ပေးနိုင်မည့် ပညာရေးအသက်အာမခံ ဝန်ဆောင်မှုအသစ်ကို ရန်ကုန်မြို့ရှိ မြန်မာ့အာမခံရုံးချုပ်တွင် ဧပြီ ၉ ရက်က စတင်မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

"ပညာရေးအသက်အာမခံက မိဘတွေ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့သော် ဒါမှမဟုတ် တခြားသော မမျှော်လင့်နိုင်တဲ့ တစ်ခုခုကြောင့် ထာဝစဉ် မသန်စွမ်းဖြစ်ခဲ့သော် ကိုယ့်သား၊ သမီးတွေ ပညာရေး ဆုံးခန်းတိုင်အောင် တက္ကသိုလ်ပညာရေးမှာ ဘွဲ့ရတဲ့အထိ ပညာသင်ကြားနိုင်ဖို့အတွက်ပါ။ ငွေစုဆောင်းနိုင်တဲ့ အလေ့အထဖြစ်လာပြီး ပရီမီယံကို နှစ်စဉ်သွင်းသွားမယ်ဆိုရင် ကြားမှာအကြောင်းတစ်စုံတစ်ခုဖြစ်ခဲ့ရင် တက္ကသိုလ်တက်နေတဲ့အချိန်မှာ အဆင်သင့်ဒီငွေဟာရရှိမှာဖြစ်ကြောင်း မြန်မာနိုင်ငံအာမခံအသင်းဥက္ကဌ ဒေါက်တာစန္ဒာဦးကပြောသည်။

မိဘ သို့မဟုတ် အုပ်ထိန်းသူ ဆွေးမျိုးများအနေဖြင့် သား၊ သမီးများ၏ ပညာရေးအတွက် ငွေကြေး ချွေတာစုဆောင်းသည့် အလေ့အထရရှိစေခြင်း၊ ပညာရေးအသက်အာမခံထားရှိသူသည် အာမခံသက်တမ်း အတွင်း သေဆုံးခြင်း၊ ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်ခြင်းများကြောင့် အကျိုးခံစားခွင့်ရှိသူ သား၊ သမီးများ၏ ပညာရေး ရပ်ဆိုင်းမသွားစေဘဲ ဆုံးခန်းတိုင်ဘွဲ့ရသည်အထိ အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။ ပညာရေးအသက်အာမခံသစ်သည် ငွေစုဆောင်းသည့် အာမခံအမျိုးအစားဖြစ်ပြီး အသက် ၁၈ နှစ်မှ ၅၆ နှစ် ရှိသူ မိမိသား၊ သမီး ဆွေမျိုးတော်စပ်သူများကို အာမခံထားရှိပေးနိုင်ကြောင်းသိရသည်။ အာမခံသက်တမ်းကို ၉ နှစ်၊ ၁၁ နှစ်၊ ၁၄ နှစ် စသဖြင့် သတ်မှတ်ထားပြီး ပရီမီယံနှုန်း ပေးသွင်းရာတွင် အာမခံထားသူ၏ အသက်၊ အာမခံသက်တမ်း၊ အာမခံထားရှိငွေတို့အပေါ် မူတည်၍ ပေးသွင်းရမည့်ပရီမီယံနှုန်းကို တွက်ချက်ပေးမည်ဖြစ်ကြောင်းသိရသည်။

အာမခံထားနိုင်တဲ့ ငွေပမာဏကတော့ အနည်းဆုံး ကျပ် သိန်း ၅၀ ကနေ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ထားနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ပညာရေးအတွက် စုဆောင်းငွေဆိုတာက ဒီလောက်ပမာဏရှိမှ နောက်ပိုင်း တက္ကသိုလ် တက်ရင် ဒီစရိတ်က ကာမိမယ်ဆိုတဲ့အနေထားမျိုး ဖြစ်တဲ့အတွက် သတ်မှတ်ထားတာ ဖြစ်ပါတယ်။ နှစ်စဉ် ရောင်းကြည့်မယ်။ လေ့လာမယ် တကယ်လို့ ဒီနှုန်းထက် ထပ်လျှော့လို့ရရင် ထပ်လျှော့သွားမယ်။ လူအဝယ်များတဲ့ အပေါ် မူတည်ပြီး Product ကို ပြင်ဆင်ရေးဆွဲသွားမှာပါဟု မြန်မာနိုင်ငံအာမခံအသင်း၊ အသက်အာမခံကော်မတီဥက္ကဌ ဦးရန်ပိုင်စိုးဦးက ပြောသည်။ ထို့ပြင် ပရီမီယံကြေး ပေးသွင်းရာတွင်လည်း ၁ လ တစ်ကြိမ်၊ ၃ လ တစ်ကြိမ်၊ ၆ လ တစ်ကြိမ်နှင့် ၁၂ လ တစ်ကြိမ် အရစ်ကျပေးသွင်းနိုင်ကြောင်းသိရသည်။

ယင်းကဲ့သို့ ပညာရေးအသက်အာမခံထားရှိခြင်းဖြင့် မမျှော်လင့်ဘဲ ဖြစ်ရပ်ဆိုးများနှင့်ကြုံခဲ့သော် သား၊ သမီး ပညာရေး ရပ်ဆိုင်းမသွားစေဘဲ ပညာရေးအတွက် ငွေကြေးအထောက်အပံ့ ရရှိနိုင်မည်ဖြစ်ပြီး အကယ်၍ အာမခံထားစဉ် အကြောင်းတစ်စုံတစ်ရာ မဖြစ်ပေါ်ခဲ့ပါက နှစ်ပြည့်သည့်အချိန်တွင် မိမိပေးသွင်းထားသည့် အာမခံထားငွေကို ထုတ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။ ပညာရေးအသက်အာမခံထားရှိသူ ပေါ်လစီရှင် တစ်ဦးအနေဖြင့် နှစ်ထပ်ကွမ်း အကျိုးခံစားခွင့် ပုံစံကို ဝယ်ယူထားရှိသူ ဖြစ်ပါက သေဆုံးမှု အကျိုးခံစားခွင့်၊ ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်၊ ပရီမီယံကင်းလွတ်ခွင့်၊ ပညာရေးအကျိုးခံစားခွင့်ပေါ်လစီကိုစာရင်းပိတ်ခြင်း၊ အမ်းငွေထုတ်ယူခြင်း၊ ချေးငွေရနိုင်ခြင်း စသည့် အကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ အာမခံစထားသည့်နေ့မှ ၁ နှစ်အတွင်း မိမိကိုယ်ကို သက်သေခြင်း၊ အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် သေဆုံးခဲ့ပါက သေဆုံးမှု အကျိုးခံစားခွင့်ရရှိမည်မဟုတ်ဘဲ အမ်းငွေပမာဏကိုသာ ပေါ်လစီရှင်က အကျိုးခံစားခွင့်ရှိသူကို ပြန်လည် ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:**http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020204

## လာမည့် ငါးမဖမ်းရရာသီတွင် မိရိုးဖလာကမ်းနီး ငါးဖမ်းလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ပေးမည်

မြန်မာတစ်နိုင်ငံလုံးတွင် လာမည့်ငါးမဖမ်းရရာသီအတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းသင်္ဘောနှင့် စက်လှေများကို ငါးဖမ်းဆီးခွင့် လုံးဝပိတ်သိမ်း၍ မိရိုးဖလာကမ်းနီး ငါးဖမ်းလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရသည်။ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ရုံးတွင် ဧပြီ ၉ ရက်က ကျင်းပသည့် သား/ငါးကဏ္ဍလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးကပြောဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဌာနက ရည်ရွယ်တဲ့အတိုင်းအတာက ဖွန်၊ ဇူလိုင်၊ ဩဂုတ်မှာ သုညရာခိုင်နှုန်းပေ့ါ။ ငါးဖမ်း သင်္ဘောတစ်စီးမှ ပေးမထွက်ဘူး။ အဲ့ဒါကို အားလုံးက လက်ခံတယ်။ ဒါပေမယ့် ငါးမဖမ်းရကာလကိုတော့ ၃ လ မဟုတ်ဘဲ ၂ လပဲ ပိတ်ပေ့ါနော်။ တကယ်တမ်း ပိတ်သင့်တာက မေ၊ ဖွန် အဲ့လိုလမျိုးမှာပိတ်သင့်တာပါ။ ဘာလို့လဲဆိုတော့ သားပေါက်ရာသီမှာ မျိုးငါးတွေ ထိန်းသိမ်းခြင်း၊ ပေါက်လာတဲ့သားပေါက်တွေကို ထိန်းသိမ်းခြင်းလုပ်နိုင်မယ်ဆိုရင် ငါးသယံဇာတကပိုမိုတိုးတက်လာမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးကပြောသည်။

ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာအား ရက် ၆၀ သို့မဟုတ် ၉၀ ရက် သတ်မှတ်သွားမည်ဖြစ်ပြီး ယင်းကာလအတွင်း ငါးဖမ်းသင်္ဘောများကို သုညရာခိုင်နှုန်း သတ်မှတ်ပေးရန် လုပ်ငန်းရှင်များမှ အကြံပြုဆွေးနွေးထား ကြောင်းသိရသည်။ ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရ ဇရိယာတွင် ရက် ၆၀ သို့မဟုတ် ၉၀ ရက် သတ်မှတ်ခြင်းနှင့် ပတ်သက်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြထားပြီးဖြစ်ကြောင်းသိရသည်။ "အခုလောလောဆယ် ကျွန်တော်သိရသလောက်တော့ ဌာနကနေ အများကြီးလုပ်နေရပါတယ်။ အရင်တုန်းကလို ဖွန်၊ ဇူလိုင်၊ ဩဂုတ်မှာ သုညရာခိုင်နှုန်းလုပ်ပြီး ပိတ်လိုက်ဖို့ အဲ့လိုမျိုးလုပ်ပေးမယ့် အတိုင်းအတာမှာ အခုက မေလကစပိတ်မရလား၊ ဖွန်လစပိတ်ရမလား နှစ်လပိတ်ရမလား၊ သုံးလ ပိတ်ရမလား ဖြစ်နေတယ်။ ပြီးရင် ကမ်းနီးတွေပါ ပိတ်မယ်။ ကမ်းနီးပိတ်တဲ့ နေရာမှာလည်း မိရိုးဖလာကမ်းနီး ငါးဖမ်းလုပ်ငန်းကို ခွင့်ပြုမယ်။"ဟု ဦးလှဌေးက ဆက်ပြောသည်။ မိရိုးဖလာ (ကမ်းနီး) ငါးလုပ်ငန်းဆိုသည်မှာ စားဝတ်နေရေးအရ နေ့ချင်းပြန်ငါးဖမ်းလုပ်ငန်းကို ဆိုလိုခြင်းဖြစ်ကြောင်း သိရသည်။

ငါးသယံဇာတ ထိန်းသိမ်းကာကွယ်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီး ဌာန အနေဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ငါးမဖမ်းရ ရာသီအဖြစ် သုံးလသတ်မှတ်ကာ ငါးဖမ်းသင်္ဘောများကို ရာခိုင်နှုန်းအလိုက်သတ်မှတ်၍ ငါးဖမ်းခွင့်ပေးလျက်ရှိကြောင်းသိရသည်။ ငါးမဖမ်းရရာသီတွင် ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် ငါးဖမ်းဆီးခွင့်ကို အားလုံးပိတ်သိမ်းရန် သဘောတူညီ၍ ရက် ၉၀ အစား ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးကို ၄၅ ရက်၊ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးကို ရက် ၆၀ သတ်မှတ်ပေးရန်၊ ရန်ကုန်တိုင်းဒေသကြီးကိုသာ သင့်သလို သတ်မှတ်ပေးရန်တင်ပြထားကြောင်း မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌဦးကျော်နိုင်က ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ပြီးခဲ့သည့် ငါးမဖမ်းရကာလ (Close Season) ကို ၂၀၁၈ ခုနှစ် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ သတ်မှတ်ထားပြီး ယင်းကာလအတွင်း ကမ်းဝေးငါးဖမ်းသင်္ဘောများ ၂၀ ရာခိုင်နှုန်းကို ဖြေလျှော့ ငါးဖမ်းဆီးခွင့်ပေးခဲ့ကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ကမ်းနီး၊ ကမ်းဝေးပင်လယ်ငါးဖမ်းလုပ်ငန်းရှင်အများအပြားရှိပြီး လက်ရှိမြန်မာနိုင်ငံတွင် ကမ်းဝေးငါးဖမ်းရေယာဉ်အစီးရေပေါင်း ၃၀၀၀ ကျော်ရှိကြောင်းသိရသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020207

## STOCK EXCHANGE

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,700 | 8,700 | 8,600 | 224 | 1,948,500 | 27,112,747 | 233,170 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 3,274 | 9,494,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,000 | -100 | -1.41% | 7,000 | 7,000 | 7,000 | 512 | 3,584,000 | 10,400,986 | 72,807 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 42 | 113,400 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.18 | -2.19 | -0.59% | 367.94 | 367.94 | 367.18 | 4,052 | 15,140,500 | 5 | 501,288 |

**Index chart**





## Market Overview

As of 12:00 pm, 18th Apr. 2019

**MYANPIX** 367.18
▼ 2.19

| | |
|---|---|
| Total Volume (shares) | 4,051 |
| Total Value (MMK) | 15 mil |
| Listed Company | 5 |
| Market Cap. (MMK) | 501,288 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,000 | ▼ 100 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |